# တက်ကြွလှုပ်ရှားသူ

## အပိုင်း (၇)

### ဘယ်လို တက်ကြွလှုပ်ရှားမလဲ

တက်ကြွလှုပ်ရှားသူတွေက အစိုးရကို ဦးတည်ပြီး ဆန့်ကျင်ကန့်ကွက် ဆန္ဒပြတောင်းဆိုနေတယ် ဆိုတဲ့ပုံစံနဲ့ဘဲ ရေးသားဖော်ပြပါမယ်။ တကယ်လို့ စီးပွားရေး၊ ဘာသာရေး၊ ပညာရေး၊ လူမှုရေး အစရှိတဲ့ကဏ္ဍတွေမှာ လှုပ်ရှားတယ်ဆိုရင်လည်း ခပ်ဆင်ဆင်ဘဲ ရှိပါလိမ့်မယ်။

<u>(က) အစိုးရနဲ့ လူထုကို သိအောင်လုပ်ပါ</u>

တက်ကြွလှုပ်ရှားရာမှာ အစိုးရကို သိအောင် တမင်တကာလုပ်ရသလို လူအများကိုလည်း မြင်သာအောင် လုပ်ကြရပါတယ်။ လှုပ်ရှားရတဲ့ အကြောင်းရင်းနဲ့ ရည်မှန်းချက်ကို ထင်ထင်ရှားရှား အသိပေးရပါတယ်။ ဥပမာ- ဆိုင်းဘုတ်ထောင်တာမျိုး၊ ကြွေးကျော်တာမျိုးတွေပါဘဲ။ ဒါမှသာ အစိုးရကိုရော လူထုကိုရော တပြိုင်တည်းသိရှိလာကြမှာ ဖြစ်ပါတယ်။

အစိုးရက သိလာရင်၊ အပြုသဘောထားရင် လိုအပ်သလို ဖြေရှင်းဆောင်ရွက်ပေးလာဖို့ ရှိပါတယ်။ ဒါပေမယ့် အစိုးရအတော်များများက တက်ကြွလှုပ်ရှားမှုကို မသိသလိုလို၊ အရေးမပါသလိုလို လစ်လျူရှုတတ်ပါတယ်။ လူထုကသိလာရင်၊ ထောက်ခံမယ်ဆိုရင် ဝင်ရောက်ပူးပေါင်း လှုပ်ရှားလာကြပါလိမ့်မယ်။ လူထုက တခဲနက် ပါဝင်လာမှလည်း လှုပ်ရှားမှုပိုအားကောင်းပြီး တနိုင်ငံလုံး၊ တကမ္ဘာလုံးအထိတောင် ကျယ်ပြန့်သွားနိုင်ပါတယ်။ အစိုးရကလည်း လစ်လျူရှုနေလို့ မရနိုင်ပဲ ဖြစ်နေပါမယ်။ ဒီလိုလုပ်နိုင်ရင် လှုပ်ရှားရတဲ့ ရည်ရွယ်ချက်ကို ပိုမို အောင်မြင်စေနိုင်ပါတယ်။ လူထုသာမက နိုင်ငံရေးသမားတွေပါ ဝင်ရောက်လှုပ်ရှားလာတတ်ပါတယ်။ ဒါဟာ တက်ကြွလှုပ်ရှားမှု အောင်မြင်စေဖို့ အဓိကအကျဆုံး ဒုတိယအဆင့် ဖြစ်ပါတယ်။ (တက်ကြွလှုပ်ရှားမှုမှာ အောင်မြင်ဖို့ အဓိကအကျဆုံး ပထမအဆင့်ဟာ စနစ်တကျ ပြင်ဆင်တွက်ချက်ပြီးမှ လှုပ်ရှားတတ်တာ ဖြစ်တယ်လို့ ဖော်ပြခဲ့ပြီးပါပြီ။)

<u>(ခ) မီဒီယာနဲ့ ပူးပေါင်း လှုပ်ရှားပါ</u>

တက်ကြွလှုပ်ရှားမှု အောင်မြင်စေဖို့ အဓိကအကျဆုံး တတိယအဆင့်ကတော့ တက်ကြွလှုပ်ရှားသူတွေဟာ လွတ်လပ်တဲ့ မီဒီယာနဲ့ ပေါင်းလိုက်ကြတာဘဲ ဖြစ်ပါတယ်။ နိုင်ငံတချို့မှာဆိုရင် အစိုးရကဘဲ မီဒီယာကို ချုပ်ကိုင်ထားတတ်လို့ တက်ကြွလှုပ်ရှားသူတွေ ကိုယ်တိုင်က လွတ်လပ်တဲ့ မီဒီယာတွေကို တည်ထောင်လှုပ်ရှားတတ်ကြပါတယ်။

မီဒီယာမပါပဲ လှုပ်ရှားနေရင် လူထုကသိဖို့ သိပ်မလွယ်လှပါဘူး။ လှုပ်ရှားမှုရတဲ့ ကြောင်းရင်း၊ ရည်မှန်းချက်နဲ့ အရှိန်အဟုန်ကို မီဒီယာကတဆင့် လူထုကို အကျယ်ပြန့်ဆုံး အသိပေးရပါတယ်။ ဥပမာ- ရှစ်လေးလုံး အရေးတော်ပုံကြီးမှာဆိုရင် ပြည်ပအခြေစိုက် ဘီဘီစီ မြန်မာအသံလွှင့်ဌာနဟာ မြန်မာတနိုင်ငံလုံးက ပြည်သူတွေ စိတ်ဝင်တစား နိုးကြားလာအောင် အသံလွှင့်နိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း လှုပ်ရှားမှုဟာ အတိုင်းအတာတခုအထိ သိသိသာသာ အောင်မြင်နိုင်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးမှာတော့ မီဒီယာအခန်းကဏ္ဍက အထူးကို အောင်မြင်ခဲ့ပါတယ်။ တက်ကြွလှုပ်ရှားသူတွေဟာ သူတို့နည်းသူတို့ဟန်နဲ့ လူထုသတင်းထောက်တွေ ဖြစ်လာခဲ့ကြပါတယ်။ အင်တာနက်ခေတ်ဖြစ်နေတဲ့ အခွင့်ကောင်းကို အမိအရ အသုံးချနိုင်ခဲ့ကြပါတယ်။ မြန်မာဘလော့ဂါတွေ အများအပြား ထွက်ပေါ်လာခဲ့ပါတယ်။ ငြိမ်းချမ်းစွာ ဆန္ဒပြနေသူတွေကို မြန်မာစစ်အစိုးရက ရက်စက်ကြမ်းတမ်းစွာ ဖြိုခွဲနှိပ်ကွပ်နေတဲ့ သတင်းတွေကို မိနစ်မဆိုင်း သတင်းဖြန့်ချိပေးနိုင်ခဲ့ကြလို့ ကမ္ဘာ့မီဒီယာမှာ ထိပ်တန်းသတင်းတွေ ဖြစ်နေခဲ့ပါတယ်။ မီဒီယာကတဆင့် နိုင်ငံတကာတိုင်းပြည်တွေ၊ အဖွဲ့အစည်းတွေ သိရှိလာကြပြီး မြန်မာစစ်အစိုးရကို ပြစ်တင်ရှုံ့ချပြီး ဝိုင်းဝန်းအရေးယူခဲ့ရတဲ့ အထိ ဖြစ်ခဲ့ရပါတယ်။

အစိုးရကိုဆန့်ကျင်တဲ့ တက်ကြွလှုပ်ရှားမှုတွေဟာ အစိုးရတိုင်းက မလိုချင်တဲ့ ဖိအားတွေပါဘဲ။ အစိုးရဟာ ဖိအားဒဏ်ကို မခံနိုင်ရင် တခုခုတော့ ဆုံးဖြတ်ဖြေရှင်းပေးလိုက်ရပါတယ်။ တက်ကြွလှုပ်ရှားသူတွေရဲ့ရည်ရွယ်ချက်က ဘယ်လိုရှိနေတယ်၊ အခုဆိုရင် ဘယ်အတိုင်းအတာထိ အရှိန်အဟုန်ကောင်းနေပြီ အစရှိတာတွေကို အစိုးရထိပ်ပိုင်းခေါင်းဆောင်တွေက အချိန်ပြည့်စောင့်ကြည့်နေတတ်ပါတယ်။ အစိုးရဟာ သူတို့ရဲ့သတင်းထောက်လှမ်းရေးတွေဆီကရတဲ့ သတင်းအပြင် လွတ်လပ်တဲ့ မီဒီယာတွေဆီကရတဲ့သတင်းအပေါ် မူတည်ပြီး လက်ရှိဖြစ်ပျက်နေတာတွေကို သုံးသပ်တတ်ပါတယ်။ အစိုးရကို ဆုံးဖြတ်လာအောင် လုပ်နိုင်တဲ့အတွက် လွတ်လပ်တဲ့ မီဒီယာရဲ့အခန်းကဏ္ဍဟာ အတော်အတန် အရေးပါနေတာကို ငြင်းလို့ မရနိုင်ပါဘူး။

နိုင်ငံတခုမှာ တက်ကြွလှုပ်ရှားရတဲ့ အကြောင်းရင်းနဲ့ ရည်မှန်းချက်ဟာ နိုင်ငံတကာစံနှုန်းနဲ့ ကိုက်ညီတယ်ဆိုရင် ကမ္ဘာ့နိုင်ငံတွေကလည်း ထောက်ခံအားပေးတတ်ကြပါတယ်။ နိုင်ငံတကာအစိုးရတွေ၊ သတင်းမီဒီယာတွေ၊ အသင်းအဖွဲ့တွေ၊ တသီးပုဂ္ဂလနဲ့ အုပ်စုတွေက သူတို့တတ်နိုင်တဲ့ဘက်ကနေ ကူညီတတ်ကြပါတယ်။ ဒီအခါမှာ လှုပ်ရှားတာကို အရှိန်ပိုကောင်းအောင် မြှင့်တင်ပေးနိုင်လာပါတယ်။ ဒီလိုအခါမျိုးမှာ အစိုးရအဖို့ ဘေးကြပ်နံကြပ် ဖြစ်ရပါတယ်။ အစိုးရဟာ တဘက်မှာ တက်ကြွလှုပ်ရှားသူတွေကို ရင်ဆိုင်နေရသလို အခြားတဘက်မှာလည်း နိုင်ငံတကာကို ရင်ဆိုင်နေရလို့ ဖြစ်ပါတယ်။ နိုင်ငံတကာ သိအောင်လုပ်ဖို့ မီဒီယာက ကောင်းကောင်းကူညီပေးနိုင်ပါတယ်။ ဒီကနေ့ခေတ်မှာဆို အိုင်တီ (Information Technology) နည်းပညာက အလွန်ထွန်းကားနေတာဖြစ်လို့ ကမ္ဘာရဲ့ဘယ်နေရာမှာ ဘယ်လို လှုပ်ရှားနေပြီလဲဆိုတာ စက္ကန့်ပိုင်းအတွင်း ကမ္ဘာ့ပြည်သူတွေ သိနိုင်ကြပါတယ်။

လွတ်လပ်တဲ့ မီဒီယာဟာ အမှန်တရားကို လူထုသိအောင် ဖော်ထုတ်ပါတယ်။ မတရားတာကို အားမပေးပါဘူး။ မီဒီယာ ကျင့်ဝတ်နဲ့ညီအောင် တိတိကျကျ လုပ်ပေးနိုင်ရင် လူထုက အလွန်ဘဲ အားကိုးကြပါတယ်။ တက်ကြွလှုပ်ရှားသူတွေနဲ့ လူထုကို အကောင်းဆုံးဆက်သွယ်ပေးတဲ့ ပေါင်းကူးတံတား ဖြစ်ပါတယ်။

နိုင်ငံတခုမှာ ဒီမိုကရေစီရဲ့ တန်ဖိုးတွေကို လျော့နည်းအောင် ကြိုးပမ်းလာတာတွေရှိရင် နိုင်ငံတကာက လက်ပိုက်ကြည့် မနေတတ်ပါဘူး။ နိုင်ငံတကာက တက်ကြွလှုပ်ရှားသူတွေကို ထောက်ခံအားပေးကြပါတယ်။ အစိုးရက တက်ကြွလှုပ်ရှား သူတွေကို အကြမ်းဖက်နှိပ်ကွပ်ရင် နိုင်ငံတကာတိုင်းပြည်တွေ၊ အဖွဲ့အစည်းတွေက ချက်ချင်း ဝိုင်းဝန်းကန့်ကွက် ရှုံ့ချ ပြစ်တင်ကြပါတယ်။ အဲဒီအစိုးရတွေကို ဖိအားပေးတတ်ကြပါတယ်။ မီဒီယာရဲ့အစွမ်းအစနဲ့ အကူအညီတွေသာ မရှိဘူး ဆိုရင် နိုင်ငံတကာက တုန့်ပြန်တာတွေ နှေးကွေး လျော့နည်းသွားနိုင်ပါတယ်။

<u>(ဂ) ဆန့်ကျင်ကန့်ကွက်တဲ့ တက်ကြွလှုပ်ရှားသူတွေကို အစိုးရက ဖမ်းဆီးဖြိုခွဲ နှိပ်ကွပ်ဖို့ ရှိနိုင်သည်</u>

လှုပ်ရှားသူတွေကို အစိုးရက ဖမ်းဆီးတတ်ပါတယ်။ လှုပ်ရှားနေတာတွေ အရှိန်ကောင်းပြီး ပိုမိုကျယ်ပြန့်မလာအောင် အစိုးရက လုပ်တတ်ပါတယ်။ ရဲတွေကို အမိန့်ပေးပြီး ကြမ်းကြမ်းတမ်းတမ်း ဖြိုခွဲနှိမ်နင်းခိုင်းပါတတ်ပါတယ်။ အချို့အစိုးရတွေဆိုရင် အလွန်ရက်စက်ပါတယ်။ တက်ကြွလှုပ်ရှားသူတွေကို စစ်တပ်နဲ့ ပစ်ခတ်သတ်ဖြတ် ဖြိုခွဲဖို့ အမိန့်ပေးတတ်ကြပါတယ်။

ဒါပေမယ့် တက်ကြွလှုပ်ရှားသူတွေကတော့ အဖမ်းခံပြီး နည်းလမ်းအမျိုးမျိုးနဲ့ ဆက်လက်လှုပ်ရှားတတ်ကြပါတယ်။ တပိုလ်ကျ တပိုလ်တက်ဆိုတဲ့ ဗျူဟာမျိုးကို ကျင့်သုံးကြပါတယ်။ တဖွဲ့ အဖမ်းခံရရင် နောက်တဖွဲ့-နှစ်ဖွဲ့ အသစ်ထပ်ပေါ် လာပါတယ်။ လူထုက ထောက်ခံပါဝင်လာတဲ့အခါမှာ လူလှိုင်းနဲ့တက်တဲ့ နည်းဗျူဟာကို ကျင့်သုံးကြပါတယ်။

တက်ကြွလှုပ်ရှားသူတွေမှာ အကြောက်တရား မရှိကြပါဘူး။ ဒါပေမယ့် လူထုမှာ အကြောက်တရား ရှိတတ်ပါတယ်။ လှုပ်ရှားနေသူတွေဟာ လှုပ်ရှားနေရင်းမှာဘဲ လူထုဆီက အကြောက်တရားကို ဖယ်ထုတ်ပစ်ရပါတယ်။ လူထုကို အားပေးရပါတယ်။ ကြီးမားတဲ့အရေးအတွက်ရှိနေတဲ့ အင်အားစုကြီးကို ဘယ်လိုအစိုးရကမှ တော်ရုံတန်ရုံ မဖြိုခွဲရဲပါဘူး။ ဒီနေရာမှာ ပိုပြီးအထောက်အကူဖြစ်စေတာက နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ထောက်ခံအားပေးတာတွေဖြစ်ပါတယ်။

နိုင်ငံတကာက ပိုပြီးထောက်ခံအားပေးလာတာနဲ့အမျှ အစိုးရအနေနဲ့ လူထုလှုပ်ရှားမှုကို အကြမ်းဖက်ဖြိုခွဲဖို့ အခွင့်မသာပဲ ဖြစ်နေတတ်ပါတယ်။ အစိုးရက လူထုကို အကြမ်းဖက်ဖြိုခွဲတာဟာ နောက်ဆုံးအဆင့်ပါ။ ဘာကြောင့်လဲဆိုတော့ အဲဒီလို လုပ်တဲ့ အစိုးရဟာ နောက်ထပ်နှစ်ပေါင်းများစွာ ကြာတဲ့တိုင်အောင် နိုင်ငံတကာအသိုင်းအဝိုင်းက ရှုံ့ချ ပြစ်တင်တာ ခံနေရတဲ့အပြင် နိုင်ငံတကာအလယ်မှာ ဝင်မတိုးနိုင်အောင် ဖယ်ကျဉ်ခံရလို့လည်း ဖြစ်ပါတယ်။ အခြားနည်းလမ်းတွေနဲ့ ဒဏ်ခတ်ပိတ်ဆို့တာလည်း ခံရတတ်ပါတယ်။

ဥပမာ- တရုတ်နိုင်ငံမှာ၁၉၈၉ ခုနှစ်က တီယမ်နန်မင် ကျောင်းသားလှုပ်ရှားမှုကို တရုတ်အစိုးရက အမိန့်ပေးလို့ စစ်တပ်နဲ့ ဖြိုခွဲနှိမ်နင်းနိုင်ခဲ့ပေမယ့် ဒီနေ့ နှစ်ပေါင်း (၂၀) ကြာနေတဲ့တိုင်အောင် တရုတ်အစိုးရကို နိုင်ငံတကာက ပြစ်တင်ရှုံ့ချနေတုန်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း ရှစ်လေးလုံးလူထုလှုပ်ရှားမှုနဲ့ ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးတွေမှာ လူထုအပေါ် ရက်ရက်စက်စက် အကြမ်းဖက်ပစ်ခတ် နှိပ်ကွပ်ခဲ့တဲ့ စစ်အစိုးရကို တကမ္ဘာလုံးက ဝိုင်းဝန်းပြစ်တင်ရှုံ့ချပြီး ဒဏ်ခတ်ပိတ်ဆို့နေခဲ့ကြပါတယ်။

(ဃ) အကြမ်းမဖက်ရပါ

အမှန်တကယ် စစ်မှန်တဲ့ တက်ကြွလှုပ်ရှားမှုတွေမှာ အကြမ်းဖက်တာ လုံးဝမရှိပါဘူး။ ငြိမ်းချမ်းစွာနဲ့ဘဲ လှုပ်ရှားရပါတယ်။ ဒါကြောင့် တက်ကြွလှုပ်ရှားမှုကို အကြမ်းမဖက်လှုပ်ရှားမှုလို့ သတ်မှတ်ထားကြပါတယ်။ လူထုအကျိုးစီးပွားအတွက် လှုပ်ရှားရတဲ့ ရည်ရွယ်ချက်နဲ့လည်း ကိုက်ညီပါတယ်။ လူထုကလည်း ထောက်ခံ၊ နိုင်ငံတကာကလည်း ထောက်ခံပါတယ်။ အကြမ်းဖက်တာကို လူထုရော၊ နိုင်ငံတကာကပါ မနှစ်သက်ကြလို့ တကယ်လို့ တက်ကြွလှုပ်ရှားသူတွေက အကြမ်းဖက်ရင် ထောက်ခံမှုရမှာမဟုတ်ပါဘူး။ ဒီအခါမှာ လှုပ်ရှားရတဲ့ရည်မှန်းချက် မအောင်မြင်ပဲ ဖြစ်သွားပါလိမ့်မယ်။

လှုပ်ရှားမှုကို ဖြိုခွင်းချင်နေတဲ့ အစိုးရကလည်း ဘယ်လိုနည်းလမ်းနဲ့ ဖြိုခွင်းရမလဲလို့ အမြဲတမ်းကြံစည်နေတတ်ပါတယ်။ တက်ကြွလှုပ်ရှားသူတွေဘက်မှာ အကြမ်းမဘက်သရွေ့အစိုးရအဖို့ အခက်တွေ့နေရပါတယ်။ ဒီအခါမှာ လှုပ်ရှားသူတွေ အကြမ်းဖက်လာအောင် ဆွပေးတတ်ပါတယ်။ လမ်းကြောင်းလွှဲပို့တတ်ပါတယ်။

(င) အစိုးရထောက်တိုင်တွေ လှုပ်ရှားမှုထဲ ပါလာအောင် စည်းရုံးပါ

"အာဏာ"ဆိုတာ ဘယ်လောက်ဘဲ ကြီးမားခိုင်ခန့်နေပေမယ့် အာဏာသက်ဝင်ဖို့ မလုပ်နိုင်ဘူးဆိုရင် အစွမ်းထက်တဲ့ အာဏာ ဖြစ်မလာပါဘူး။ အစိုးရမှာ အာဏာရှိတယ်လို့ ပြောကြပါတယ်။ ဘယ်လောက်ပဲ အာဏာရှိရှိ အစိုးရယန္တရားတွေက အလုပ်မလုပ်ဘူးဆိုရင် ဘယ်အစိုးရမှ မရပ်တည်နိုင်တော့ပါဘူး။

လူခန္ဓာမှာ ခေါင်းတခုတည်းရွေ့နေရုံနဲ့ ခန္ဓာတခုလုံး နေရာရွေ့အောင် မလုပ်နိုင်ပဲ ခြေတွေလက်တွေက လှုပ်ရှားပေးမှ ခန္ဓာကိုယ်က ရွေ့လျားလာရပါတယ်။ အစိုးရပေးတဲ့ အမိန့်နဲ့ညွှန်ကြားချက်တွေကို အစိုးရဖွဲ့စည်းထားတဲ့ ဌာနတွေက လိုက်လုပ်ပေးနိုင်မှ အစိုးရယန္တရားက ဟန်ချက်ညီညီ လည်ပတ်တာ ဖြစ်ပါတယ်။ ဒါဆိုရင် အစိုးရအာဏာ အသက်ဝင်နေတယ်လို့ ပြောရမှာပါ။ ဒီတော့ အစိုးရယန္တရားကို မောင်းနှင်ပေးရသူတွေက လူထုလှုပ်ရှားမှုမှာ ပါဝင်ပူးပေါင်းပေးလိုက်ရင် ယန္တရားမလည်ပတ်နိုင်တော့ပဲ အစိုးရ ပြုတ်ကျရပါတော့တယ်။

လှုပ်ရှားသူတွေဟာ အစိုးရယန္တရားကို လုံးဝဖျက်ဆီး၊ မတိုက်ခိုက်ရပါဘူး။ ဒီယန္တရားမှာ ပါဝင်နေသူတွေကို များနိုင်သမျှများများ လူထုဘက်ပါလာအောင် သိမ်းသွင်းရပါမယ်။ ဒါဟာ အထူးအရေးကြီးဆုံး သတိပြုလှုပ်ရှားရမယ့်အချက် ဖြစ်ပါတယ်။

အစိုးရဆီမှာ ထောက်တိုင်တွေ ရှိပါတယ်။ အစိုးရ ပြုတ်မကျအောင် နိုင်ငံ့ဘဏ္ဍာတွေကို တရားမဝင်သုံးစွဲပြီး တမင်တကာ မွေးထားတာ ဖြစ်ပါတယ်။ ထောက်တိုင်တွေဟာ လူပုဂ္ဂိုလ်၊ ဘဏ္ဍာရေး၊ အသင်းအဖွဲ့ဌာန အစည်းအရုံး (Institution) တွေ ဖြစ်ပါတယ်။ အကြမ်းအားဖြင့် (၉)မျိုး ရှိပါတယ်။

1. လက်နက်ကိုင် အဖွဲ့အစည်း (အစိုးရက နိုင်ငံပိုင်ဘဏ္ဍာငွေထဲကနေ ထောက်ပံ့ထားတဲ့ စစ်တပ်နဲ့ ရဲတပ်ဖွဲ့၊ အလားတူ ထောက်ပံ့ထားတဲ့ ရပ်ကွက်-ကျေးရွာ-မြို့နယ် အုပ်ချုပ်ရေး အဆင့်ဆင့်နဲ့ အခြားလက်နက်ကိုင် လူရမ်းကားအဖွဲ့မျိုးစုံ၊ ဥပမာ- မြန်မာစစ်အစိုးရက စွမ်းအားရှင်၊ မီးသတ်၊ အရန်ရဲတပ်ဖွဲ့လို့ နာမည်တပ်ပေး ထားတဲ့ ထောက်ထွက်လူမိုက်တွေ၊ ခိုးဆိုးသောင်းကျန်းသူတွေ၊ အခြေအနေမဲ့တွေ)၊
2. အလားတူ ထောက်ပံ့ထားတဲ့ အရပ်ဘက် နိုင်ငံ့ဝန်ထမ်း၊
3. စားဝတ်နေရေးနဲ့ လုံခြုံရေးကြောင့် အစိုးရကို မှီခိုရတဲ့ အလုပ်သမား၊ တောင်သူလယ်သမားတွေ၊
4. အစိုးရပိုင် (ဒါမှမဟုတ်) အစိုးရ ထိန်းချုပ်ထားတဲ့ မီဒီယာ၊
5. အစိုးရနဲ့ ပေါင်းပြီး လုပ်စားနေကြတဲ့ ပြည်တွင်း-ပြည်ပ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတွေ၊
6. အစိုးရရဲ့ဝါဒမှိုင်းမိနေကြသူတွေ၊
7. အစိုးရသြဇာကို မလွန်ဆန်နိုင်တဲ့ ဘာသာရေးအသင်းအဖွဲ့တွေ၊
8. အစိုးရသြဇာကို မလွန်ဆန်နိုင်တဲ့ အစိုးရနဲ့ မဟုတ်တဲ့ အသင်းအဖွဲ့တွေ (NGOs)
9. နိုင်ငံပိုင် ဘဏ္ဍာနဲ့ သယံဇာတအရင်းအမြစ်

ဒီထောက်တိုင်တွေသာ မရှိရင် ဘယ်အစိုးရမှ မရပ်တည်နိုင်ပါဘူး။ ထောက်တိုင်တွေမှာ ပါဝင်နေသူတွေဟာ အစိုးရရဲ့ စနစ်ကို စိတ်မပါဘဲ အကောင်အထည် ဖော်ပေးနေရသူတွေပါ။ အာဏာရှင်စနစ်မှာဆိုရင် သူတို့ဟာ အစိုးရ ကိုယ်ကျိုး စီးပွားအတွက် အသုံးချခံနေရပါတယ်။ အစိုးရရဲ့လက်ကိုင်တုတ်လို့လည်း သမုတ်ခံရတတ်ပါတယ်။ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ခေါင်းစဉ်အောက်မှာရှိတဲ့ ပြည်ပစီးပွားရေးသမားတွေကလွဲလို့ ဒီလိုအသင်းအဖွဲ့ အစည်းအရုံးအားလုံးဟာ ပြည်သူ တွေထဲက ပြည်သူတွေပါဘဲ။ သူတို့ဟာ အစိုးရရဲ့ မတရားတဲ့စနစ်ကို မလိုလားပေမယ့် စားဝတ်နေရေး၊ လုံခြုံရေး လိုအပ်ချက်တွေကြောင့် အစိုးရခိုင်းတာ လုပ်ပေးနေရသူတွေဘဲ ဖြစ်ပါတယ်။

ဒါကြောင့် အမြော်အမြင်ကြီးမားတဲ့ တက်ကြွလှုပ်ရှားသူတွေဟာ အစိုးရကိုဘဲ ပစ်မှတ်ထားကြပါတယ်။ အစိုးရ ထောက်တိုင်တွေကို ပစ်မှတ်မထားကြပါဘူး။ ဖြိုဖျက်တိုက်ခိုက်တာတွေကို တတ်နိုင်သမျှ ရှောင်ရှားကြပါတယ်။ လှုပ်ရှားမှု ထဲမှာ ဒီထောက်တိုင်တွေက ဘက်ပြောင်း ပါဝင်လာအောင်လည်း တတ်နိုင်သမျှ စည်းရုံးကြပါတယ်။

(ဆက်လက်ရေးသားဖော်ပြပါဦးမည်။)
လွင်အောင်စိုး
၂၀၀၉ ဧပြီလ